အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

**သတင်းထုတ်ပြန်ချက်** **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်**

# ၂၀၂၅ ခုနှစ်ကို လည်ပြန်ကြည့်ခြင်း
# Looking Back on 2025

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် “၂၀၂၅ ခုနှစ်ကို လည်ပြန်ကြည့်ခြင်း (Looking Back on 2025)” ဟု အမည်ပေးထားသော အစီရင်ခံစာတစ်စောင်အား ထုတ်ပြန်လိုက်ပါသည်။ ဤအစီရင်ခံစာတွင် လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် ပိုမိုဆုတ်ယုတ်ဆိုးရွားလာသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းအခြေအနေများကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများအပေါ် သက်ရောက်မှုများကိုအထူး အလေးပေးဖော်ပြထားပါသည်။ ထို့အပြင် လုံခြုံရေးအန္တရာယ်များ၊ ဘဏ္ဍာရေးနှင့် မြေပြင်တွင် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော ကန့်သတ်ချက်များ အခက်အခဲများကြားမှ အဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖွဲ့အစည်းများသည် မြေပြင်တွင် ဆက်လက်လှုပ်ရှားနေကြပြီး ၎င်းတို့ ကြုံတွေ့နေရသော စိန်ခေါ်မှုများကိုလည်း ဤအစီရင်ခံစာတွင် ဖော်ထုတ်တင်ပြထားသည့်အပြင် ၂၀၂၅ ခုနှစ်အတွင်း အဖွဲ့ဝင်အဖွဲ့အစည်းများ၏ မြေပြင်လှုပ်ရှားမှုများမှ ရရှိထားသော အချက်အလက်များကို အချက်အလက်ပုံဖြင့်ဖော်ပြချက် (infographics) အဖြစ် ရှင်းလင်းစွာ တင်ပြထားပြီး အဖွဲ့ချုပ်နှင့် ၎င်း၏ အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အရေးပါသော အချို့လုပ်ဆောင်ချက်များကိုလည်း ဖော်ပြထားပါသည်။

၂၀၂၅ ခုနှစ်အတွင်း အဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖွဲ့စည်းများမှ လိင်နှင့်ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု **၂၀၉ မှု** အား မှတ်တမ်းတင် နိုင်ခဲ့သည်။ ၎င်းတို့သည် ပြည်တွင်းနေရပ်စွန့်ခွာရသူများ (IDPs)၊ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်ခဲ့သူများ၊ အမျိုးသမီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ (WHRDs)၊ လိင်နှင့်ဂျဲန်ဒါအခြေပြု အကြမ်းဖက် မှု (SGBV) နှင့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (CRSV) မှ ရှင်သန်လွတ်မြောက်လာသူများအား ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့သည့်အပြင် ၂၀၂၅ ခုနှစ်၊ မတ်လတွင် ဖြစ်ပွားခဲ့သော မြေငလျင်ကြောင့် ထိခိုက်ခဲ့သူများအတွက်ကိုလည်း အရေးပေါ်အကူအညီများ ပံ့ပိုးပေးနိုင်ခဲ့သည်။

**၂၀၂၅ ခုနှစ်အတွင်း ပံ့ပိုးကူညီနိုင်ခဲ့သည့် အရေးအတွက်များမှာ —**

- ပဲခူး၊ စစ်ကိုင်း၊ တနင်္သာရီတိုင်းဒေသကြီးများ၊ ကရင်၊ ကရင်နီ (ကယား) ၊ မွန်နှင့် ရှမ်းပြည်နယ်၊ အိန္ဒိယနယ်စပ်ရှိ မဏိပူရပြည်နယ်နှင့် ထိုင်း-မြန်မာနယ်စပ်ဒေသတို့ရှိ ပြည်တွင်းနေရပ်စွန့်ခွာသူ (IDPs) **အမျိုးသမီး ၃၁,၃၈၂ ဦးနှင့် အမျိုးသား ၂၂,၉၂၉ ဦး စုစုပေါင်း ၅၄,၃၁၁ ဦး။**
- ကချင်၊ ကရင်နီ (ကယား) ပြည်နယ်နှင့် အိန္ဒိယနယ်စပ်ရှိ မဏိပူရပြည်နယ်မှ အကြမ်းမဖက် အာဏာဖီဆန်လှုပ်ရှားမှု (CDMs) မှ အမျိုးသမီး **၁၀၈ ဦး**နှင့် စစ်ကိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်နီ (ကယား)၊ ရှမ်းပြည်နယ်နှင့် အိန္ဒိယနယ်စပ်၊ မဏိပူရပြည်နယ်မှ အမျိုးသမီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ (WHRDs) **၃၁၀ ဦး။**
- ပဲခူး၊ စစ်ကိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ (ကယား)၊ မွန်၊ ရှမ်းပြည်နယ်နှင့် ထိုင်း-မြန်မာနယ်စပ်ရှိ ရှင်သန်လွတ်မြောက်သူအမျိုးသမီး **၁,၂၁၂ ဦး**။
- ၂၀၂၅ ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သော မြေငလျင်ဒဏ်ခံရသူ **၁၀,၂၀၂ ဦး**။

> ***“ဒီအတုအယောင်ရွေးကောက်ပွဲကတဆင့် စစ်အာဏာရှင်ဟာ သူတို့အာဏာတည်မြဲဖို့ သူတို့ကိုယ်သူတို့ ‘တရားဝင်’ဖြစ်အောင်လုပ်ပြီး စစ်ရေးအရ ထိုးစစ်တွေကို နိုင်ငံတဝှမ်းလုံးမှာ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပြီးတော့ ပြည်သူတွေအပေါ် စစ်ရာဇဝတ်မှုတွေ ဆက်လက်ကျူးလွန်သွားနေအုန်းမှာဖြစ်တယ်။ ဒါကြောင့် ဆယ်စုနှစ်များစွာ ကျွန်မတို့ လုပ်ဆောင်လာခဲ့တဲ့ အလုပ်တွေကို ဆက်လက်လုပ်ဆောင်နိုင်ဖို့ ပိုပြီးတော့ ကြိုးပမ်းအားထုတ်ပြီး ကြိုးစားရမှာဖြစ်တယ်”*** ဟု မီးငယ်မှ ပြောကြားခဲ့ပါသည်။

“၂၀၂၅ ခုနှစ်ကို လည်ပြန်ကြည့်ခြင်း” အစီရင်ခံစာတွင် နိုင်ငံတကာအသိုင်းအဝိုင်းအား စစ်အုပ်စု၏ အတုအယောင်ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ငြင်းပယ်ရန်၊ နိုင်ငံတကာတရားမျှတမှုဖော်ဆောင်ရေး ယန္တရားများမှတဆင့် တာဝန်ခံမှုကို ဖော်ဆောင်ရန်၊ လက်နက်ရောင်းချမှုများကို ရပ်တန့်ရန်၊ အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ကာကွယ်ပြီး အရင်းအမြစ်များ ပံ့ပိုးပေးရန်၊ အမျိုးသမီးများ ဦးဆောင်သော အဖွဲ့အစည်းများအတွက် အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံရေးအရပါဝင်နိုင်သည့်နေရာများ ပိုမိုရရှိစေရန်၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် (impunity) ကို အဆုံးသတ်ရန် WLB မှ ထပ်လောင်းအတည်ပြုတောင်းဆိုထားပါသည်။

> ***“နိုင်ငံတကာရဲ့ ခိုင်မာပြတ်သားတဲ့ လုပ်ဆောင်မှုတွေနဲ့ အရပ်ဘက်၊ ဒေသဆိုင်ရာအဖွဲ့တွေအတွက် ရေရှည်ပံ့ပိုးမှု မရှိရင်တော့ မြန်မာနိုင်ငံထဲမှာ လက်ရှိကြုံနေရတဲ့ လူသားချင်းစာနာထောက်ထားမှုနဲ့ လူ့အခွင့်အရေး အကြပ်အတည်းပြဿနာဟာ ဆက်လက်ပြီးတော့ ဆိုးရွားလာဖို့ပဲ ရှိလာမှာဖြစ်ပြီးတော့ သန်းနဲ့ချီတဲ့ ပြည်သူတွေ အတွက်ကတော့ ပိုပြီးပြင်းထန်တဲ့ အကျိုးဆက်တွေကို ဆက်ပြီးခံနေရမှာဖြစ်တယ်”*** လို့ ဖိုးဒါးမှ ပြောကြားခဲ့ပါသည်။

**ဆက်သွယ်ရန်**

ဖိုးဒါး - မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင် ( Signal)  +959403866800
မီးငယ် -  မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင် (Signal) +95 9776 438269